# မြန်မာနိုင်ငံလူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်ပြီး IFI Watch Myanmar ၏ အစီအရင်ခံစာအပေါ် ရှင်းလင်းဖြေကြားခြင်း

၁။ IFI Watch Myanmar မှ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မှုအပေါ်သုံးသပ်သည့် အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်း အပေါ် စဉ်ဆက်မပြတ် သုံးသပ်မှုများကိုကြိုဆိုပါသည်။ သို့သော် အစီရင်ခံစာပါ ဖော်ပြချက်နှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်း မရှိခဲ့ပါ၍ သုံးသပ်ချက်ပါ အဓိကကျသည့် ကိစ္စရပ်များကိုပြန်လည် ရှင်းလင်းရန်အတွက် ရည်ရွယ်၍ ရေးသားခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းဆောင်ရွက်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ပူးပေါင်းပြီး တာဝန်ယူမှု တာဝန်ခံမှု အတွက် စဉ်ဆက်မပြတ် ထိတွေ့ဆက်သွယ် ဆောင်ရွက်လျက် ရှိသည့်အတွက် အစီရင်ခံစာပါ မည့်သည့်ကိစ္စရပ်များကိုမဆိုပြန်လည်ရှင်းလင်းဖြေကြားပေးရန် အဆင်သင့်ရှိပါသည်။

၂။ **ရည်ညွှန်းစာမျက်နှာ (၂ နှင့် ၃)၊ စာမျက်နှာ (၆)ပါ လူထုနှင့် ထိတွေ့ဆက်ဆံမှု များတွင် လိုအပ်ချက်များရှိခြင်းနှင့် ပတ်သက်၍**သတင်းအချက်အလက် ပြန်ကြားမှုသည် လူထုဗဟိုပြုစီမံကိန်း၏ အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ပြီးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသခံကျေးလက်လူထုမှ တာဝန်ယူမှုတာဝန်ခံမှုနှင့် စီမံကိန်း၏ လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အစီရင်ခံစာပါ ဖော်ပြချက်များသည် မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများနှင့် ကိုက်ညီမှုမရှိပါ။ ယခုတတိယနှစ် စက်ဝန်းဖြစ်သည့် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်တွင် စီမံကိန်းမြို့နယ် (၂၇) မြို့နယ်မှ အိမ်ထောင်စု (၆၂%) သည် ကျေးရွာကော်မတီများဖွဲ့စည်းခြင်းနှင့် ကျေးရွာစီမံကိန်းများ ရေးဆွဲသည့် အစည်းအဝေးပွဲများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်း စက်ဝန်းတစ်ခုပြီးဆုံးတိုင်းကျေးရွာအဆင့်တွင် လူထုဆန်းစစ်ပွဲများပြုလုပ်ပြီးမြို့နယ်အဆင့်တွင် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခြင်းသည် စီမံကိန်း၏ရလဒ်နှင့်ပတ်သက်ပြီးကျေးလက်လူထု (၉၅%)မှ ကျေနပ်အားရမှုရှိသည်ကို ဖော်ညွှန်း ပြသလျက်ရှိပါသည်။

၃။ ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲများအား နှစ်စဉ် စီမံကိန်းစက်ဝန်းပြီးဆုံးချိန်တိုင်းတွင် ကျင်းပပြုလုပ်သည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်

တွေ့ဆုံသည့် အစည်းအဝေးများအားတစ်နှစ်လျှင် အနည်းဆုံး (၃)ကြိမ်ခန့် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည့် အစည်းအဝေးများနှင့် ပတ်သက်သည့် အနှစ်ချုပ်ကိုစီမံကိန်းဝဘ်ဆိုက်မှတဆင့်လည်းရှာဖွေကြည့်ရှုနိုင်ပါသည်။

၄။ စီမံကိန်းစတင် အကောင်အထည်ဖော်သည့် ပထမနှစ်စက်ဝန်းတွင် သက်ဆိုင်ရာ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းရုံးများအား အစောဆုံး နိုဝင်ဘာလအတွင်းမှာပင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်းအကောင်အထည် ဖော်မည့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့များကိုစာချုပ်ချုပ်ဆို ငှါးရမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရခြင်း၊ အဆိုပါ နည်းပညာ အကြံပေးအဖွဲ့များစာချုပ်ချုပ်ပြီးချိန်မှ ဒေသခံစည်းရုံးရေးမှူးများ ငှါးရမ်းဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်ရခြင်းတို့ကြောင့် အချိန်နှောင့်နှေးရခြင်းဖြစ်ပါသည်။ စီမံကိန်း ဆောင်ရွက် ရာတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့် ကျေးရွာလူထုအဖွဲ့အစည်းများတွင် စီမံကိန်းကို ပိုမိုစောလျင်စွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပြီး စီမံကိန်းအကောင်အထည် ဖော်ရာတွင် စီမံကိန်းစက်ဝန်း (၄)ခုဖြင့် ကျေးရွာလူထုအားစဉ်ဆက်မပြတ် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းမစတင်မီ အရပ်ဖက် အဖွဲ့အစည်းပေါင်းစုံပါဝင်၍ စီမံကိန်းမိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း၊ စီမံကိန်းစတင် အကောင်အထည်ဖော်ချိန်မှစ၍ သတင်းအချက်အလက် ပြန်ကြားဆက်သွယ်ရေးကို အားပေး လှုံ့ဆော်သည့် ပစ္စည်းများဖြစ်သည့် စီမံကိန်းတံဆိပ်ပါ ဦးထုပ်၊ တီရှပ်၊ ဘောလ်ပင်၊ ပိုစတာ၊ လက်ကမ်းစာစောင်များအား လူထုစည်းရုံးရေးမှူးမှတဆင့် ကျေးရွာကော်မတီဝင်များသို့ ဖြန့်ဝေ နိုင်ခဲ့ပါသည်။ ထို့ပြင် စီမံကိန်းအကြောင်းအရာအားရိုက်ကူးထားသည့် တို့ရွာနှင့် တို့စီမံကိန်း ဗွီဒီယိုဇာတ်လမ်းတွဲအား ကျေးရွာများသို့ ဖြန့်ဝေခြင်းနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ် များတွင်လည်းထုတ်လွှင့်ပြသလျက်ရှိပါသည်။

၆။ **ရည်ညွှန်းစာမျက်နှာ (၁၆) နှင့်စာမျက်နှာ (၁၉)ပါ ပြည့်စုံမှုမရှိသည့် နည်းစနစ် အရည်အသွေး**နှင့်ပတ်သက်၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ၂၀၁၃ ခုနှစ်မှ စတင်ပြီးယခုအချိန်တွင် မြို့နယ်ပေါင်း (၂၇) မြို့နယ်ရှိကျေးရွာပေါင်း (၅၄၀၀) ကျော်ကို တိုက်ရိုက်ထောက်ပံ့ငွေ (၄၆.၈) ဘီလီယံကျပ် ထောက်ပံ့ပေးပြီးဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ငွေ များဖြင့် ကျေးလက်အခြေခံ အဆောက်အအုံများဖြစ်သည့် ကျေးလက်လမ်း/တံတား၊ ရေပေးဝေရေး၊ စာသင်ကျောင်း၊ မီးလင်းရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် ကျေးလက်ဆေးပေးခန်း အစရှိသည်တို့အားအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့

ပါသည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များဖြစ်သည့် အကြိုပြင်ဆင်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းစသည့်တို့ဖြင့် နည်းစနစ်ကျကျ ဆောင်ရွက်ခဲ့ရာတတိယအဖွဲ့အစည်း၏ နည်းပညာစစ်ဆေးမှု မှတ်တမ်းအရ စီမံကိန်းလုပ်ငန်းခွဲပေါင်း၏ (၉၂%) သည် ကျေနပ်အားရဖွယ် ဖြစ်သည်ကို တွေ့ရှိရပါသည်။ (အဆိုပါ နည်းပညာစစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာအား လူထုဗဟိုပြုစီမံကိန်း ဝဘ်ဆိုက်တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။)

၇။ **ရည်ညွှန်းစာမျက်နှာ (၄)၊စာမျက်နှာ (၉)၊ စာမျက်နှာ (၁၂)နှင့် စာမျက်နှာ (၁၄)ပါ လူထုစည်းရုံးရေးမှူးများအတွက် ပြည့်စုံမှုမရှိသောသင်တန်းပေးမှုများနှင့် ပတ်သက်၍** လက်ရှိစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြို့နယ် (၂၇)မြို့နယ်တွင် လုပ်ကိုင် ဆောင်ရွက်လျက်ရှိသောလူထုစည်းရုံးရေးမှူးပေါင်း (၁၈၀၀)၏ လက်တွေ့မြေပြင် လုပ်ဆောင်မှုများနှင့် စီမံကိန်းဧရိယာအနည်းငယ်ကို နမူနာစစ်တမ်းကောက်ယူသည့် အစီရင်ခံစာ သုံးသပ်မှု အထောက်အထားမှာ ကွဲလွဲလျက်ရှိပါသည်။

၈။ ကျေးရွာလူထု၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်သင်တန်းများ ပို့ချပေးခြင်းသည် လူထုဗဟိုပြုစီမံကိန်း၏ အရည်အသွေးကိုမှတ်တမ်းတင်သည့် မှတ်တိုင်ပင် ဖြစ်ပါသည်။ စည်းရုံးရေးမှူးအများစုမှာ သက်ဆိုင်ရာစီမံကိန်းမြို့နယ်မှ ဒေသခံလူငယ်များဖြစ်ပြီး မိမိဒေသဖွံ့ဖြိုးရေးကို ကိုယ်တိုင်ဆောင်ရွက်နိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး တဆက်တည်းမှာပင် သင်တန်းများတွင် စီမံကိန်းအတွက် အရေးပါသည့် ဒေသဆိုင်ရာ အသိပညာဗဟုသုတများကို ထောက်ပံ့ပေးခြင်းပင် ဖြစ်ပါသည်။ ဒေသခံ လူထုစည်းရုံးရေးမှူးများအား ယုံကြည်စွာအလုပ်အကိုင်အခွင့်အလမ်းပေးခြင်းသည် စီမံကိန်းအောင်မြင်မှုအတွက် လွန်စွာ အရေးကြီးသော အဓိကသော့ချက်ဖြစ်ပါသည်။

၉။ ၂၀၁၅ ခုနှစ် ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သောသုံးသပ် ဆွေးနွေးပွဲမှ အကြံပြုတင်ပြချက်တွင် ပါဝင်သောသင်တန်းနှင့်ပတ်သက်သည့် လိုအပ်ချက်များအား ပြန်လည်သုံးသပ်၍ လူထုစည်းရုံးရေးမှူးများအတွက် ပိုမိုကောင်မွန်သည့် သင်တန်းအစီအစဉ်များကို ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းအစီအစဉ်များမှာ ပထမနှစ်စီမံကိန်းစက်ဝန်းအတွင်းစီမံကိန်းမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့် နည်းပညာအကြံပေးအဖွဲ့များအတွက် လုပ်ငန်းခွင်ဝင်သင်တန်း (၁)ကြိမ်၊ (၇)ရက်၊ စည်းရုံးရေးမှူးများ သင်တန်း (၃)ကြိမ်၊ ရက်(၂၀)၊ လက်ထောက်နည်းပညာမှူးများအတွက် အခြေခံအဆောက်အအုံဆိုင်ရာသင်တန်း (၃)ကြိမ်၊ (၁၂)ရက်၊ လူထုစည်းရုံးရေးမှူးများနှင့်

လက်ထောက်နည်းပညာမှူးများအတွက် ဆရာဖြစ်သင်တန်း (၃)ကြိမ်၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်း(၁)ကြိမ်နှင့် မွမ်းမံသင်တန်း(၁)ကြိမ်စီတို့ဖြစ်ပါသည်။

၁၀။ လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာပြည်သူလူထုတို့အား စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ သင်တန်းများကို ပို့ချခဲ့ရာစီမံကိန်းပထမနှစ်စက်ဝန်းမှ ယခုတတိယနှစ်စက်ဝန်းအထိပြည်ထောင်စုအဆင့်တွင် (၄၁) ကြိမ်၊ မြို့နယ်အဆင့်တွင် (၄၉၅) ကြိမ်၊ ကျေးရွာအဆင့်တွင် (၄၅၃၆) ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့်တွင် လုပ်ငန်းခွင်ဝင်သင်တန်း၊ မွမ်းမံသင်တန်း၊ ဆရာဖြစ်သင်တန်းနှင့် အခြေခံအဆောက်အအုံသင်တန်းများနှင့် သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာ သင်တန်းများအားမြို့နယ်စီမံကိန်းဝန်ထမ်းများကို ပို့ချပေးနိုင်ခဲ့ပါသည်။ မြို့နယ်အဆင့်တွင် စည်းရုံးရေးမှူး သင်တန်းများကို စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှု (စီမံကိန်းစက်ဝန်း) အပေါ် မူတည်၍ အပိုင်းလိုက် ခွဲခြားပို့ချပေးနိုင်ခဲ့ပါသည်။ ကျေးရွာအဆင့်တွင် စည်းရုံးရေးမှူးများမှ ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများကိုကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း၊ ဝယ်ယူရေးသင်တန်း၊ ဘဏ္ဍာရေးသင်တန်းနှင့် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး သင်တန်းများကိုပို့ချပေးနိုင်ခဲ့ပါသည်။

၁၁။ အဆိုပါ သင်တန်းများကိုပို့ချရာတွင် ပိုမိုထိရောက်စေနိုင်ရန်အတွက် သင်တန်းသင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်တန်းဒီဇိုင်းအားပြန်လည်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်သည့်အပြင် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့များပူးပေါင်း၍ သင်တန်းစီမံကိန်းဒီဇိုင်းအသစ်နှင့် အချိန်ဇယားများကိုလည်း ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ စီမံကိန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စီမံကိန်းစက်ဝန်း၏ သင့်လျော်သောအဆင့်များတွင် သင်တန်းများထောက်ပံ့ပေးရန် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြို့နယ်အဟောင်းများသာမကမြို့နယ်အသစ်များတွင်လည်းတွေ့ကြုံခဲ့ရသည့် သင်ခန်းစာများကို အခြေပြုပြီး စည်းရုံးရေးမှူးအားလုံးအတွက် အထောက်အကူပြုစေမည့် စဉ်ဆက်မပြတ် သင်တန်းများကိုထောက်ပံ့ပေးလျက် ရှိပါသည်။ စီမံကိန်းသည် သင်တန်းများစဉ်ဆက်မပြတ် ပို့ချပေးခြင်းဖြင့် မြို့နယ်ရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည် အရည်အသွေးတိုးတက်စေသည့်အပြင် စီမံကိန်းလုပ်ဆောင်ရာတွင်လည်းကြီးကြပ်ရသည့် စည်းရုံးရေးမှူးများအတွက် အထောက်အကူပြုစေရန်လည်းရည်ရွယ်ပါသည်။

၁၂။ **ရည်ညွှန်းစာမျက်နှာ (၁၁)၊စာမျက်နှာ (၂၁)၊ စာမျက်နှာ (၂၃)နှင့် စာမျက်နှာ (၂၄)ပါ ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်းနှင့်ပတ်သက်၍** လူထုဗဟိုပြုစီမံကိန်းအား ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိစေရန် အောက်ခြေအဆင့်မှ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်အကြံပြုနိုင်သည့် ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးယန္တရားကို ၂၀၁၃ ခုနှစ် စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်ချိန်ကတည်းလိုက်နာကျင့်သုံးခဲ့ပါသည်။ ယခုအခါ ကျေးလက်ပြည်သူများ၊ စည်းရုံးရေးမှူးများ၊ စီမံကိန်းဝန်ထမ်းများ၊ အုပ်ချုပ်ရေး ဝန်ထမ်းများ၊ စီမံကိန်းဆောင်ရွက်သည့် ကန်ထရိုက်တာများ၊ IFI Watch Myanmarအပါအဝင် အရပ်ဖက် လူမှုအဖွဲ့အစည်းများအစရှိသည့် အဖွဲ့အစည်းပေါင်းစုံမှ ဝေဖန်အကြံပြုတိုင်ကြားချက် စုစုပေါင်း (၂၈၉၄)ခုကိုဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးယန္တရားမှ လက်ခံရရှိပြီးဖြစ်ရာ ဖွန်လကုန်အထိ (၈၉%)ခန့်ကိုတုန့်ပြန်ဖြေရှင်းခဲ့ပြီးဖြစ်ပါသည်။ ချဉ်းကပ်မှုနည်းလမ်းအသစ် အနေဖြင့် ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်များတိုးတက်လာခြင်းဖြင့် စီမံကိန်းဝန်ထမ်းများ၊ စည်းရုံးရေးမှူးများနှင့် ကျေးလက်ပြည်သူလူထု၏ အာရုံနိုးကြားနေစေမှုကိုစဉ်ဆက်မပြတ် ပံ့ပိုးလျက်ရှိပါသည်။

၁၃။ စီမံကိန်းပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်းတို့တွင် ဝေဖန်အကြံပြု တိုင်ကြားရေးနှင့် ပတ်သက်၍ အမျိုးအစားအလိုက်အနေဖြင့် စီမံကိန်းမူဝါဒနှင့် လုပ်ထုံးလုပ်နည်း များဆိုင်ရာ မေးမြန်းစုံစမ်းခြင်း (၂၉၇)ချက်၊ စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်နှင့် လုပ်ထုံး လုပ်နည်းအား ချိုးဖောက်ခြင်း (၁၀၅) ချက်၊ ရံပုံငွေအလွဲသုံးစားပြုခြင်း (၂၇) ချက်၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း (၁၄) ချက်၊ စီမံကိန်း၏ တာဝန်ယူနိုင်မှုပြင်ပတွင် ရှိသော ကိစ္စရပ်များ (၃၃) ချက်၊ ကျေးဇူးတင်ခြင်း (၉၄) ချက်နှင့် အကြံပြုခြင်း(၇၈၁) ချက် စုစုပေါင်း (၁၃၅၁) ချက် အားရာနှုန်းပြည့် ဖြေရှင်းပြီးဖြစ်ပါသည်။

၁၄။ စီမံကိန်းပထမနှစ်စက်ဝန်းတွင် မြို့နယ်(၃)မြို့နယ်မှ ဝေဖန်အကြံပြုတိုင်ကြားချက် ပေါင်း (၃၁၈)ချက်၊ ဒုတိယနှစ်စက်ဝန်းတွင် မြို့နယ်(၉)မြို့နယ်မှ ဝေဖန်အကြံပြုတိုင်ကြားချက် ပေါင်း (၁၃၄၈)ချက်၊ လက်ခံရရှိခဲ့ပြီးရာနှုန်းပြည့် ပြန်လည်ဖြေရှင်းပြီးဖြစ်ပါသည်။ စီမံကိန်း တတိယနှစ် စက်ဝန်းတွင် မြို့နယ်ပေါင်း (၂၇)မြို့နယ်မှ ဝေဖန်အကြံပြုတိုင်ကြားချက်ပေါင်း (၃၃၆၁) ချက်အားလက်ခံရရှိခဲ့ပြီး (၂၂၈၂)ချက်အားပြန်လည်ဖြေရှင်းပြီးဖြစ်၍ (၅၃၉) ချက်အား ဖြေရှင်းဆဲဖြစ်ပါသည်။

၁၅။ ဝေဖန်အကြံပြုတိုင်ကြားမှုကို ကျေးရွာများတွင် အကြံပြုစာတိုက်ပုံးများ ထားရှိ ပေးခြင်းသာမက အခြားနည်းလမ်းများဖြစ်သည့် မြို့နယ်ကျေးလက်ဦးစီး၊ မြို့နယ်နည်းပညာ အကြံပေးအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အထိ တိုက်ရိုက်လိပ်မူပြီး ဝေဖန်အကြံပြုစာများ

ပေးပို့နိုင်ခြင်း၊ ဝေဖန်အကြံပြုတိုင်ကြားချက်များအတွက် သီးသန့် အီးမေးလ်လိပ်စာများ၊ ဖုန်းလိုင်း၊ cdd.drdmyanmar.org စီမံကိန်းဝဘ်ဆိုက်နှင့် NCDDP Myanmar Facebook Public Group စီမံကိန်းလူမှုဆက်သွယ်မှုကွန်ယက်များတွင် ဝေဖန်အကြံပြုနိုင်သည့်အပြင် လွတ်လပ်ပြီးပွင့်လင်းမြင်သာမှုရှိသည့် အခြားနည်းလမ်းများကိုလည်း အသုံးပြုနိုင်ရန် ဖန်တီးပေးထားပြီးဖြစ်ပါသည်။ စီမံကိန်းလမ်းညွှန်ချက် ချိုးဖောက်မှုကဲ့သို့သော တိုင်ကြားမှုများအတွက် ထိရောက်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပေးလျက်ရှိပါသည်။

၁၆။ ၂၀၁၅ ခုနှစ်တွင် IFI Watch မှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ စွပ်စွဲဖော်ပြချက်များနှင့် ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ IFI Watch ၏ အစီရင်ခံစာအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပထမအကြိမ်အနေဖြင့် (၁၀.၂.၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အနေဖြင့် (၉.၃.၂၀၁၆) ရက်နေ့တွင်လည်းကောင်း အကြောင်းပြန်ကြားပြီးဖြစ်ပါသည်။ ယင်းနှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု အသေးစိတ်ကို cdd.drdmyanmar.org စီမံကိန်းဝဘ်ဆိုက်လင့်ခ်တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။ ဝေဖန်အကြံပြုချက်အားလုံးကို စာရွက်စာတမ်းများဖြင့် စနစ်တကျလက်ခံထားရှိပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ပြထားရှိပါသည်။ ဝေဖန်အကြံပြုသူ မည်သူမည်ဝါဖြစ်သည်ကို မဖော်ပြပဲ ဝေဖန်အကြံပြုတိုင်ကြားချက်များကို အများပြည်သူမြင်သာနိုင်စေရန် ဖော်ပြထားပါသည်။

| ကမ္ဘာ့ဘဏ်နဲ့ DRD ကို အကြံပြုချက် | လက်ရှိ ဆောင်ရွက်ချက် |
|---|---|
| • CDD ကို ပိုမိုသိရှိ နားလည်အောင် သင်တန်း ရယူ စေချင်၊ | • မြို့နယ် CDD အဖွဲ့များသည် အကြံပေး အဖွဲ့များ စတင် ထမ်းဆောင်ချိန်မှ စ၍ စီမံကိန်း ဆောင်ရွက်မှုကို ရှင်းလင်းစွာ ပို့ချ ဆောင်ရွက်လျက် ရှိပါသည်။ |
| • ကျွမ်းကျင်တဲ့ အင်ဂျင်နီယာ တွေကို စေလွှတ် ပြီး သေချာ ပို့ချ စေချင်ပါတယ်၊ လိုအပ်တဲ့ နည်းပညာ တွေ အကြံဉာဏ် တွေ ပေးစေ ချင် ပါတယ်။ အင်ဂျင်နီယာ များ လုပ်ငန်း အစပိုင်းတွင် လာသင့်၊ နည်းပညာပိုင်း ဆိုင်ရာ အကြံ ပြုချက်များ လိုအပ်။ | • မြို့နယ် CDD အဖွဲ့များတွင် စီမံကိန်း လုပ်ငန်းခွဲ (၁၄) ခုလျှင် လက်ထောက် နည်းပညာမှူး တစ်ယောက်နှုန်း ခန့်ထား ဆောင်ရွက် ပါသည်။ လက်ထောက် နည်းပညာမှူး များကို လုပ်ငန်း စတင် မဝင်ရောက်မီ လိုအပ်သော သင်တန်းများ ပို့ချပါသည်။ စီမံကိန်း စတုတ္ထနှစ် စက်ဝန်းမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ် CDD အဖွဲ့များတွင် ကျေးလက်ဦးစီးမှ Senior အင်ဂျင်နီယာ (၂)ဦး နှင့် Technical Expert (၃) ဦး ပါဝင်သော အဖွဲ့က ဒေသတွင်း အင်ဂျင်နီယာ လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်ရန် စီစဉ် ပြီး ဖြစ်ပါသည်။ |
| • အမျိုးသမီး တွေ အတွက်လည်း စွမ်း ဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်း တွေ လုပ်ပေးဖို့ အကြံပြု တောင်းဆိုချင်ပါ တယ်။ | • ပြည်ထောင်စု CDD ရုံးတွင် ကျားမ ဆိုင်ရာ ပညာရှင် တစ်ဦး အချိန်ပြည့် ခန့်ထားပြီး ကျားမ တန်းတူ ညီမျှမှု ဆိုင်ရာ ကိစ္စရပ်များ တိုးချဲ့ ပို့ချလျက် ရှိပါသည်။ |
| • အသက် မွေး ဝမ်းကျောင်း သင်တန်းတွေ လုပ်ပေး စေချင်။ (အင်္ဂလိပ်ဘာသာတွင် မပါရှိပါ) | • လူထုဗဟိုပြုစီမံကိန်း ရည်ရွယ်ချက်တွင် ပါဝင်ခြင်း မရှိပါ။ ကျေးလက်ဦးစီးဌာန ၏ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ် အထိ ကာလ အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကွန်ပျူတာ၊ ပန်းရန် လက်သမား၊ လျှပ်စစ်၊ အိမ်တွင်းမှု အစရှိသော အသက်မွေးမှု သင်တန်းပေါင်း (၄၉၂၆) ခုကို ဘဏ္ဍာရေးနှစ် အလိုက် နှင့် တိုင်းဒေသကြီး နှင့် ပြည်နယ် အလိုက် စီမံ ဆောင်ရွက်လျက် ရှိပါသည်။ |
| • စာတိုက် ပုံးကို အများ မြင်နိုင်သော နေရာမှ ရွှေ့ပေးစေလို (အခြား သူတွေ့ကို | • အကြံပြုချက် စာပုံးများကို ကျေးရွာ အစည်း အဝေးတွင် အများ သဘော တူရာ နေရာ |

| | |
|---|---|
| စိုးရိမ်) <br><br><br><br><br> • TAs and CF များ ပုံမှန် ကွင်းဆင်းသင့်သည်။ CF များသည် ရပ်ရွာလူထုကို အချိန်ပိုမို ပေးသင့်။ | တွင် ထားရှိပါသည်။ မြို့နယ် CDD အဖွဲ့များအား အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိသူတို့၏ လိုအပ်ချက်အား မကျန်ရှိ စေရေး ဆောင်ရွက် စေလျက်ရှိပါသည်။ <br> • မြို့နယ် TTA အဖွဲ့များသည် မြို့နယ်ဧရိယာကို အပိုင်းငယ် လေးခု ငါးခု ခွဲချမ်း၍ အကြံပေးအဖွဲ့မှ ပညာရှင် တစ်ဦးစီက တာဝန်ခံ ကြီးကြပ်ကာ TAs and CF များ ပုံမှန် ကွင်းဆင်း ဆောင်ရွက်လျက် ရှိပါသည်။ |